ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး

Office of the Securities and Exchange Commission of Myanmar

| ၂၀၂၄ ခုနှစ်၊ ဧပြီလ မှ ဇွန်လ အထိ | အတွဲ ၃၊ အမှတ် ၂၊ ဇူလိုင်လ ၂၀၂၄ | www.secm.gov.mm |
| --- | --- | --- |

# အရင်းအနှီးဈေးကွက် ပြည်သူ့အတွက်

# *Capital Market for the People*



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးမှ (၃)လ တစ်ကြိမ်

ထုတ်ဝေသည်။

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **ပြည်တွင်းသတင်း** | |
| “Registration Advisor Launching Event” ကျင်းပခြင်း | ၁ |
| ရန်ကုန်စတော့အိပ်ချိန်းနှင့် Kelvin Chia Yangon တို့ ပူးတွဲကျင်းပသည့် ဆွေးနွေးပွဲသို့တက်ရောက်ခြင်း | ၁ |
| အန္တရာယ်ကင်းပရိုတ်ရှတ်ဖတ်ပူဖော်ခြင်း | ၂ |
| ဝန်ထမ်းများအတွက် ဆောင်ရွက်ပေးမှုများ | ၂ |
| ပြည်တွင်းငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ (DBMD WC) အစည်းအဝေးကျင်းပ | ၂ |
| ကော်မရှင်အစည်းအဝေးများ | ၂ |
| ကော်မရှင်ရုံးဆွေးနွေးပွဲများ | ၂ |
| **ဆောင်းပါး** | |
| စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးမှုဆိုင်ရာ ငွေကြေးစီမံခန့်ခွဲမှုနှင့် မြန်မာနိုင်ငံ | ၃-၄ |
| **ကော်မရှင်ရုံး၏လုပ်ငန်းဆောင်ရွက်ချက်များ** | |
| လုပ်ငန်းဆောင်ရွက်ချက်များ | ၅ |
| အိန္ဒိယနိုင်ငံ Nalanda တက္ကသိုလ်၏ အသိပညာမျှဝေခြင်း | ၅ |
| လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး | ၅ |
| AML /CFT အသိပညာမျှဝေခြင်းအခမ်းအနား ကျင်းပ | ၅ |
| **ဈေးကွက်ဆိုင်ရာအချက်အလက်များ** | |
| ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်မှုနှင့် နိုင်ငံခြားသားအစုရှယ်ယာရောင်းဝယ်မှုများ | ၆ |
| စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာရောင်းဝယ်မှုများ | ၆ |
| အစိုးရငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်မှုများ | ၇ |
| ဈေးကွက်တွင်ပါဝင်သူများနှင့်ပူးပေါင်းဆောင်ရွက်မှု | ၇ |
| **အာဆီယံနိုင်ငံများဆိုင်ရာ သတင်းအချက်အလက်များ** | |
| ထိုင်းစတော့အိပ်ချိန်း၏ နှစ် ၅၀ ပြည့် အထိမ်းအမှတ်၊ အားလုံးအတွက်  အနာဂတ်အခွင့်အလမ်းများ ပိုမို ရရှိနိုင်ရေး လမ်းခင်းဆောင်ရွက်ပေး | ၈-၉ |
| ၂၀၂၃ ခုနှစ်တွင်  ဖိလစ်ပိုင် စတော့ရှယ်ယာဈေးကွက်၌ စာရင်းဖွင့်လှစ်မှုအရေအတွက် ၁.၉ မီလီယံ အထိ ရောက်ရှိလာ | ၁၀ |

# ပြည်တွင်းသတင်း

## “Registration Advisors Launching Event” ကျင်းပခြင်း

ရန်ကုန်စတော့အိပ်ချိန်းနှင့်စာရင်းဝင်အကြိုဈေးကွက် (Pre-Listing Board)တွင် မှတ်ပုံတင်အကြံပေးအဖြစ်ဆောင်ရွက်မည့် ကုမ္ပဏီများက **“Registration Advisors Launching Event”** အား ၂၀၂၄ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် ရန်ကုန်စတော့အိပ်ချိန်းခန်းမ၌ ကျင်းပခဲ့ရာ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် အတွင်းရေးမှူး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင်များနှင့်ရုံးအဖွဲ့များ၊ အများပိုင်ကုမ္ပဏီများ၊ မှတ်ပုံတင်အကြံပေးများ မှ ဝန်ဆောင်မှုပေးနေသည့် ကုမ္ပဏီများ၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ နှင့် Legal Firm များ မှ တက်ရောက်ခဲ့ကြပြီး စာရင်းဝင်အကြိုဈေးကွက်သို့ ဝင်ရောက်ခြင်း လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရန်ကုန်စတော့အိပ်ချိန်း နှင့် Registration Advisors (RA) ကုမ္ပဏီများမှ တာဝန်ရှိ သူများက စကားဝိုင်း ဆွေးနွေးပွဲပြုလုပ်ကာ မျှဝေဆွေးနွေးခဲ့ကြပါသည်။






## ရန်ကုန်စတော့အိပ်ချိန်းနှင့် Kelvin Chia Yangon တို့ ပူးတွဲကျင်းပသည့် ဆွေးနွေးပွဲသို့တက်ရောက်ခြင်း







၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင် Park Royal Hotel ၊ ရန်ကုန်မြို့၌ ရန်ကုန်စတော့အိပ်ချိန်း နှင့် Kelvin Chia Yangon တို့ပူးပေါင်းကာ ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သည့် မူဝါဒများကို ကုမ္ပဏီများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာစေရန်နှင့် ငွေကြေးခဝါချမှုအား ကာကွယ်နိုင်သည့် လုပ်ငန်းမူဝါဒများ ချမှတ် အကောင်အထည်ဖော်စေရန် ရည်ရွယ် ကျင်းပခဲ့သည့် ဆွေးနွေးပွဲသို့ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်၊ အတွင်းရေးမှူး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး ရုံးအဖွဲ့ဝင်များ၊ စာရင်းဝင်ကုမ္ပဏီများ၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ မှတ်ပုံတင် အကြံပေးများနှင့် Legal Firm များမှ တာဝန်ရှိသူများ တက်ရောက် ခဲ့ကြပါသည်။

# ပြည်တွင်းသတင်း

## အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ခြင်း



၁၃၈၆ ခုနှစ်၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်ရုံး၌ အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပူဇော်ပြီးဝန်ထမ်းမိသားစုများက တရားတော်နာယူခဲ့ကြပါသည်။

## ဝန်ထမ်းများအတွက် ဆောင်ရွက်ပေးမှုများ



၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ဝန်ထမ်းများအား ဝတ်စုံစရိတ် ပေးအပ်ပွဲအခမ်းအနားကို ၉-၄-၂၀၂၄ ရက်နေ့တွင် SECM ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

## ပြည်တွင်းငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ



၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် (၂/၂၀၂၄) ကြိမ်မြောက် ပြည်တွင်း ငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ အစည်းအဝေးကို Virtual ဖြင့် ကျင်းပခဲ့ရာ ဝန်ကြီးရုံး၊ စီမံကိန်း နှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေတိုက်ဦးစီးဌာန၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး တို့မှ ကော်မတီအဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

## ကော်မရှင်အစည်းအဝေးများ



၂၀၂၄ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင် အစည်းအဝေး (၂) ကြိမ် ကျင်းပခဲ့ပါသည်။

## ကော်မရှင်ရုံးဆွေးနွေးပွဲများ

| | |
|---|---|
| ရန်ကုန်စတော့အိပ်ချိန်း (YSX) | အပတ်စဉ် |
| ကော်မရှင်ရုံးစီမံခန့်ခွဲရေးကော်မတီ | လစဉ် |
| ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ | လစဉ် |
| ဌာနတွင်း ဆန္ဒထုတ်ဖော်ပွဲ | လစဉ် |

# ဆောင်းပါး

## စဉ်ဆက်မပြတ်ရေရှည်ဖွံ့ဖြိုးမှုဆိုင်ရာ ငွေကြေးစီမံခန့်ခွဲမှုနှင့် မြန်မာနိုင်ငံ

ငွေကြေးစီမံခန့်ခွဲမှု(Finance)ဆိုသည်မှာ ငွေကြေးများကို ရင်းနှီးမြှုပ်နှံခြင်း၊ချေးယူခြင်း၊ချေးငှားခြင်း၊ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းများအား ရေးဆွဲစီစစ်ခြင်း၊ စုဆောင်းခြင်းနှင့် လာမည့်ဘဏ္ဍာရေးနှစ်များအတွက် ရငွေနှင့် အသုံးစရိတ်များအား ခန့်မှန်းခြင်းစသည့် လုပ်ငန်းဆောင်တာများ ပါဝင်သည့် ငွေကြေးစီမံခန့်ခွဲမှုတစ်ရပ်ဖြစ်သည်။ အဆိုပါ ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များအနက် တစ်ဦးချင်း၊ အစိုးရနှင့်ပုဂ္ဂလိက အနေဖြင့် အရင်းအနှီးဈေးကွက် (Capital Market) တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်သည့်အခါ မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်များ ပြည့်မီရေးဆောင်ရွက်ရာ၌ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ရှုထောင့်များကိုပါ ထည့်သွင်းစဉ်းစားပြီး ရေရှည်တည်တံ့သော စီးပွားရေးလုပ်ဆောင်ချက်များနှင့် စီမံကိန်းများတွင် ရေရှည်ရင်းနှီးမြှုပ်နှံမှုများကို ဖြစ်ပေါ်စေသည့် လုပ်ငန်းစဉ်မှာ စဉ်ဆက်မပြတ်ရေရှည်ဖွံ့ဖြိုးမှုဆိုင်ရာငွေကြေးစီမံခန့်ခွဲမှု(Sustainable Finance) ဖြစ်ပါသည်။




ရင်းမြစ်: https://www.linkedin.com/pulse/sustainable-finance-key-component-companies-going

ဥရောပသမဂ္ဂ၏အဆိုအရ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးမှုဆိုင်ရာ ငွေကြေးစီမံခန့်ခွဲမှုတွင် ကမ္ဘာတစ်လွှားရှိ ပုဂ္ဂလိကလုပ်ငန်းများ၏ ငွေကြေးရင်းနှီးမြှုပ်နှံမှုဆောင်ရွက်သည့် စီမံကိန်းများမှ ကာဗွန်ထုတ်လွှတ်မှုပမာဏ နှင့် ကာဗွန်သုံးစွဲမှုပမာဏ ခြားနားချက်အား အသားတင်သုညသို့ အသွင်ကူးပြောင်းရေးသည် အရေးပါသော အခန်းကဏ္ဍမှပါဝင်ပါသည်။ ဥရောပ စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (Green Deal Investment Plan)သည် ၂၀၅၀ ပြည့်နှစ်တွင် ဥရောပ၌ ဖန်လုံအိမ်ဓာတ်ငွေ့ အသားတင်ထုတ်လွှတ်မှု ပပျောက်စေရေး ကူညီပေးနိုင်ရေးအတွက် ဒေါ်လာ ၁.၁၄ ထရီလီယံ မြှင့်တင်ရန် ရည်မှန်းထားပါသည်။ ရေရှည်တည်တံ့သော ရင်းနှီးမြှုပ်နှံမှုများ ခိုင်မာစွာဖြစ်တည်စေရန် နိုင်ငံတကာဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံမှု စံနှုန်းများ ဖောင်ဒေးရှင်း(IFRS Foundation)သည် ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ တင်ပြချက်များကို အတည်ပြုရာတွင် လမ်းညွှန်ချက်အသစ်များ ဖော်ထုတ်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ရေရှည်တည်တံ့မှု စံချိန်စံညွှန်းဘုတ်အဖွဲ့ (International Sustainability Standards Board–ISSB) ကို မကြာသေးမီက တည်ထောင်ခဲ့ပါသည်။ စဉ်ဆက်မပြတ်ရေရှည်ဖွံ့ဖြိုးမှုဆိုင်ရာငွေကြေးစီမံခန့်ခွဲမှုသည် တစ်ဦးချင်း၊ အစိုးရနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများအတွက် ဘဏ္ဍာရေးဆိုင်ရာမူဝါဒများနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ရည်မှန်းချက်ပန်းတိုင်များ ပြည့်မီစေရေးသို့ ဦးတည်ရည်ရွယ်၍ ပေါင်းစည်းဆောင်ရွက်ခြင်းဖြစ်ပါသည်။ ရေရှည်တည်တံ့ပြီး တရားမျှတသောစီးပွားရေးအသွင်ကူးပြောင်းမှု ဖြစ်စဉ်တွင် စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံမှုများပါဝင်သဖြင့် စီးပွားရေးလုပ်ဆောင်ချက်များ၏ အကျိုးသက်ရောက်မှုသည် သဘာဝပတ်ဝန်းကျင်၊ ရာသီဥတုနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအပေါ် အန္တရာယ်ဖြစ်စေမည့် သက်ရောက်မှုများအား လျှော့ချရန် လိုအပ်ပါသည်။

အာဆီယံဒေသအတွင်း အရင်းအနှီးဈေးကွက်များအား ထိန်းကျောင်းရာတွင် အာဆီယံ အရင်းအနှီးဈေးကွက်များ ဖိုရမ် (ASEAN Capital Markets Forum – ACMF) သည် အာဆီယံဒေသတစ်ဝှမ်းရှိ အရင်းအနှီးဈေးကွက်များ ပေါင်းစည်းမှု၊ ပါဝင်မှု၊ ရေရှည်တည်တံ့မှုနှင့် ခံနိုင်ရည်ရှိမှုတို့ကို ပံ့ပိုးထိန်းကျောင်းရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ACMF Vision 2025 အစီအစဉ်တွင် ဖော်ပြထားသော မဟာဗျူဟာအရ အာဆီယံဒေသအတွင်း အရင်းအနှီးဈေးကွက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမို ပေါင်းစည်းနိုင်မှု၊ အားလုံးပါဝင်နိုင်မှု၊ ရေရှည်တည်တံ့နိုင်မှုနှင့် ခံနိုင်ရည်ရှိမှု စသည့် အရင်းအနှီးဈေးကွက်ဆိုင်ရာ ဘဏ္ဍာရေးအခင်းအကျင်းအား ဖြန့်ကျက် ဆောင်ရွက်လျက် ရှိပါသည်။




ရင်းမြစ်: ACMF ACTION PLAN 2021-2025, Endorsed by ASEAN Finance Ministers March 2021

အာဆီယံဒေသအတွင်း စက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ထွန်းကားလာမှုသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သက်ရောက်မှုများ၊

**စာမျက်နှာ ၄ သို့**

လေထုညစ်ညမ်းမှုနှင့် အမှိုက်စီမံခန့်ခွဲမှုအပါအဝင် လူမှုရေးနှင့်သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ထို့အပြင် စက်မှုလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများကြောင့် သဘာဝပတ်ဝန်းကျင် အပေါ် သက်ရောက်မှုဆိုင်ရာ ကိစ္စရပ်များအား အမျိုးအစားခွဲခြားရာ တွင် သိပ္ပံနည်းကျအခြေခံ၍ ပြီးပြည့်စုံသော နည်းလမ်းဖြင့် ဖော်ထုတ် ထိန်းကျောင်း မြှင့်တင်ရန်အတွက် အာဆီယံ ရေရှည်တည်တံ့စေသော ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ ဘုတ်အဖွဲ့ (ASEAN Taxonomy Board )ကို ၂၀၂၁ ခုနှစ် ၊ မတ်လတွင် စတင် တည်ထောင် ခဲ့ပါသည်။ သို့ဖြစ်ရာ Finance မှသည် Sustainable Finance သို့ ရှေ့ရှု၍ အဆိုပါ Sustainable Finance အား သက်ဆိုင်ရာအမျိုးအစားအလိုက် ကဏ္ဍများခွဲကာ အကျယ်တဝင့် လေ့လာ ဆန်းစစ်ခြင်းဖြင့် အရင်းအနှီးဈေးကွက်အား စောင့်ကြည့်ထိန်းကျောင်းခြင်းကို Taxonomy ဟု ဘဏ္ဍာရေးရှုထောင့် မှ အဓိပ္ပါယ်ဖွင့်ဆိုနိုင်ပါသည်။

ASEAN Taxonomy Boardတွင် မြန်မာ၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ဗီယက်နမ်တို့ကဲ့သို့သော အာဆီယံ အဖွဲ့ဝင်နိုင်ငံများသည် ရာသီဥတု ပြောင်းလဲမှုဒဏ်ကို အပြင်းထန်ဆုံး ခံစားနေကြရပြီး အဆိုပါ ကိစ္စရပ် သည် ၎င်းတို့၏ လူမှုစီးပွားရေး ကိစ္စရပ်များအပေါ် များစွာသော သက်ရောက်မှုများ ဖြစ်ပေါ်စေပါသည်။ ထို့အပြင် ဖန်လုံအိမ်ဓာတ်ငွေ့ (Green House Gases) ထုတ်လွှတ်မှုသည် ၂၀၃၀ ပြည့်နှစ်တွင် တိုးမြင့် လာမည်ဖြစ်ပြီး အမြင့်မားဆုံးသော အနေအထားသို့ ရောက်ရှိမည်ဟု မျှော်မှန်းချက်အရ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် လာမည့်နှစ် ၂၀ မှ နှစ် ၃၀ (၂၀၃၀ နှင့် ၂၀၅၀ အကြား)အတွင်း ကာဗွန်ထုတ်လုပ်မှုနှင့် ကာဗွန်သုံးစွဲမှုနှုန်း ဘက်ညီစေရေး ဆောင်ရွက်ရန်လည်း ရည်မှန်း ထားခဲ့ကြပါသည်။ စွမ်းအင်လိုအပ်ချက် မြင့်မားလာမှုကြောင့် လျှပ်စစ် ဓာတ်အားကို ပြန်လည်ပြည့်ဖြိုးမြဲနှင့် ပိုမိုသန့်ရှင်းသော စွမ်းအင်အရင်း အမြစ်အဖြစ် ဖြည့်ဆည်းနိုင်ရန် ဖြစ်ပါသည်။ ထို့ကြောင့် ကာဗွန်သက် ရောက်မှုသည် ၂၀၃၀ နှင့် ၂၀၅၀ ပြည့်နှစ်များအကြား ကျဆင်းမည်ဟု ခန့်မှန်းထားပါသည်။

UK အစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်သော အာဆီယံ ကာဗွန်လျှော့ချရေး အစီအစဉ် (ASEAN Low Carbon Energy Programme – LCEP) အရ EY UTW Advisory Limited နှင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအား စီမံရေး ဦးစီးဌာန တို့ ပူးပေါင်း၍ ဆိုလာ နှင့် လေစွမ်းအားဆိုင်ရာ စံနှုန်းများ (Solar and Wind Power Standards) ကို လည်းကောင်း၊ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံငွေချေး သက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးတို့ ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီမံအုပ်ချုပ်မှု (ESG) မူဘောင် အကြံပြုချက် အစီရင်ခံစာ (Environmental Social and Governance (ESG) Framework Recommendation Report)ကို လည်းကောင်း ပြုစုရေးဆွဲခဲ့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် အာဆီယံဒေသ၌ ကာဗွန်ထုတ်လုပ်မှုလျှော့နည်းသော စွမ်းအင်အသုံးချရန် နှင့် ရေရှည် တည်တံ့သော ငွေကြေးစီမံခန့်ခွဲမှုကို ဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ အရှေ့တောင်အာရှနိုင်ငံများ၏ ကာဗွန်ဈေးကွက်အပေါ် လေ့လာမှု အစီရင်ခံစာထုတ်ပြန်ရေး လုပ်ငန်းအဖွဲ့ (WC-CMD-ACMF joint Sustainable Working Group) တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ ပါသည်။

အများနှင့်သက်ဆိုင်သော ကုမ္ပဏီများသည် လိုအပ်သော အရင်းအနှီးများကို အရင်းအနှီးဈေးကွက်မှတစ်ဆင့် ရယူ ဆောင်ရွက် ရာ၌ သဘာဝပတ်ဝန်းကျင်၊လူမှုရေးနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု(ESG) ဆိုင်ရာကိစ္စရပ်များအပေါ် သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားပြီး နိုင်ငံတော်နှင့် မိမိတို့ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည့် အနေ အထား (Win-Win Situation)အား ဦးတည်သည့် ကော်ပိုရိတ်ငွေချေး စာချုပ်များ ထုတ်ဝေရောင်းချခြင်းဖြင့် စဉ်ဆက်မပြတ် ရေရှည် ဖွံ့ဖြိုးမှု ဆိုင်ရာ ငွေကြေးစီမံခန့်ခွဲမှုဗျူဟာကို ကျင့်သုံး၍ ပြည်တွင်းနှင့် နိုင်ငံ တကာ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုအား မြှင့်တင် ရယူနိုင်ပါစေ ကြောင်း ဆန္ဒမွန်ဖြင့် ရေးသားဖော်ပြလိုက်ရပါသည်။

**မူဝါဒရေးရာအဖွဲ့**

**ကိုးကား**


၁။ https://www.weforum.org/agenda/2022/01/what-is-sustainable-finance/

၂။ https://www.eib.org/en/stories/what-is-sustainable%20finance#:~:text=Sustainable%20finance%20is%20about%20including,in%20sustainable%20projects%20and%20activities.%20%0DWhat%20is% 20sustainable%20finance%20-%20European%20Investment%20Bank%0D

၃။ https://finance.ec.europa.eu/sustainable-finance/overview-sustainable-finance_en

၄။ https://www.adb.org/sites/default/files/institutional-document/691951/ado2021bp-sustainable-finance.pdf

၅။ https://www.oecd.org/environment/cc/developing-sustainable-finance-definitions-and-taxonomies-brief- for-policy-makers.pdf

၆။ https://corporatefinanceinstitute.com/resources/wealth-management/what-is-finance-definition/#:~:text=by%20Tim%20Vipond-,What%20is%20Finance%3F,budgeting%2C%20saving%2C%20and%20forecasting.

၇။ https://asean.org/wp-content/uploads/2022/06/ASEAN_Taxonomy_V1_final_310522.pdf

# ကော်မရှင်ရုံး၏ လုပ်ငန်းဆောင်ရွက်ချက်များ

## လုပ်ငန်းဆောင်ရွက်ချက်များ

- ဆင့်ပွားဈေးကွက်၌ အစိုးရ ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်မှုအခြေအနေအား SECM Website တွင် လစဉ်ထုတ် လွှင့်လျက်ရှိခြင်း၊
- ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ (၁)ခု၏ လုပ်ငန်းဆောင်ရွက်မှုအား စစ်ဆေးခြင်း၊
- MIoD မှ ကြီးမှူးကျင်းပသည့် “Governance for Directors Program” တွင် “Disclosure, Transparency and Reporting, Shareholders Right, Conflict of Interest and Related Party Transactions” ခေါင်းစဉ်များဖြင့် ဆွေးနွေးပို့ချခြင်း။

## အိန္ဒိယနိုင်ငံ Nalanda တက္ကသိုလ်၏ အသိပညာမျှဝေခြင်း



အိန္ဒိယနိုင်ငံ၊ Nalanda University တွင် Master of Arts World Literature in English သင်တန်းပြီးမြောက်ခဲ့သည့် အရာထမ်းတစ်ဦးမှ ၆-၆-၂၀၂၄ ရက်နေ့တွင် ကော်မရှင်ရုံးဝန်ထမ်းများအား အသိပညာမျှဝေပေးခဲ့ပါသည်။

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး

အောက်ဖော်ပြပါ ပြည်တွင်း ပြည်ပ ဆွေးနွေးပွဲ၊ အစည်းအဝေး၊ သင်တန်းများသို့ ဝန်ထမ်းများ တက်ရောက်စေခဲ့သည်-

- Leadership Series: Smart Leadership (Online) (MIoD)
- Governance for Directors Program (Online) (MIoD)
- ASEAN+3 Regional Economic Outlook 2024 Report
- Toward the Regional Transition Pathways (ADB-ERIA) Online Webinar
- ASEAN+3 Finance Think-tank Network (AFTN) Inaugural Seminar "Dawn of a New Age in the ASEAN+3"
- ASEAN Taxonomy for Sustainable Finance Version 3 Webinar (Online)
- SIDC Sustainable and Responsible Investment Conference 2024 (Online)
- The first Technical Meeting of Asia GX Consortium (Online)
- Introduction to Sustainability and Sustainable Finance (Online)

## AML /CFT အသိပညာမျှဝေခြင်းအခမ်းအနားကျင်းပ






၂၈-၅-၂၀၂၄ ရက်နေ့၌ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၏ 24th Dialogue Meeting တွင် ငွေကြေးခဝါချမှုနည်းပုံစံ၊ လားရာ နှင့်စပ်လျဉ်းသည့် ခေါင်းစဉ်ဖြင့် အသိပညာပေး ဆွေးနွေးခဲ့ပါသည်။


# ဈေးကွက်ဆိုင်ရာအချက်အလက်များ

## ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်မှုနှင့် နိုင်ငံခြားသားအစုရှယ်ယာရောင်းဝယ်မှုများ

၂၀၂၄ ခုနှစ် ၊ ဧပြီလမှ ဇွန်လအထိ
ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်မှုအခြေအနေ





၂၀၂၄ ခုနှစ်၊ ဧပြီလ မှ ဇွန်လ အထိ
နိုင်ငံခြားသားများရင်းနှီးမြှုပ်နှံမှုအခြေအနေ





## စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာရောင်းဝယ်မှုများ

စာရင်းဝင်ကုမ္ပဏီ(၈)ခု၏ အရောင်းအဝယ်ဖြစ်မြောက်မှုအခြေအနေ
၂၀၂၄ ခုနှစ်၊ ဧပြီလ မှ ဇွန်လအထိ




## အစိုးရငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်မှုများ

ဆင့်ပွားဈေးကွက်တွင် အစိုးရငွေတိုက်စာချုပ်များ ရောင်းဝယ်မှု
(၂၀၂၄ ခုနှစ်၊ ဧပြီလ မှ ဇွန်လအထိ)




## ဈေးကွက်တွင်ပါဝင်သူများနှင့်ပူးပေါင်းဆောင်ရွက်မှု

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့
ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အစီရင်ခံတင်ပြမှု
(၂၀၂၄ ခုနှစ်၊ ဧပြီလ မှ ဇွန်လအထိ)



# အာဆီယံနိုင်ငံများဆိုင်ရာ သတင်းအချက်အလက်များ

## ထိုင်းစတော့အိပ်ချိန်း၏ နှစ် ၅၀ ပြည့် အထိမ်းအမှတ်၊ အားလုံးအတွက် အနာဂတ်အခွင့်အလမ်းများ ပိုမိုရရှိနိုင်ရေး လမ်းခင်းဆောင်ရွက်ပေး

ထိုင်းစတော့အိပ်ချိန်း (The Stock Exchange of Thai-land-SET) သည် ၎င်း၏ နှစ် ၅၀ ပြည့် အထိမ်းအမှတ်အဖြစ် "အနာဂတ်တိုင်းအရေး အလုပ်ဖြစ်အောင်ဆောင်ရွက်ပေး" (Make it 'Work' for Every Future) ဟူသော ဆောင်ပုဒ်ချမှတ်၍ အလုံးစုံ ပါဝင်နိုင်သော တိုးတက်မှု နှင့် ရေရှည် တည်တံ့ခိုင်မြဲရေးဆီသို့ ဦးတည် ဆောင်ရွက်လျက်ရှိပါသည်။ SET သည် ၎င်း၏ ဒေသတွင်းသာမက နိုင်ငံတကာတွင် ရပ်တည်မှု အဆင့်အတန်းကို မြှင့်တင်ရန်နှင့် တည်ထောင်စ ကုမ္ပဏီများ၊ အသေးစား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ နိုင်ငံခြားကုမ္ပဏီများ၊ မိသားစုစီးပွားရေး လုပ်ငန်းများ အစရှိသည့် အရွယ်စုံစီးပွားရေးလုပ်ငန်းများအတွက် ရန်ပုံငွေမြှင့်တင်နိုင်မည့် အခွင့်အလမ်းများပံ့ပိုးပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြီးပြည့်စုံသော လုပ်ဆောင်မှုအစီအစဉ်များကို ချမှတ်ထားပါသည်။ အဆိုပါ အစီအစဉ်တွင် ထိုင်းနိုင်ငံ၏ စီးပွားရေး အားသာချက်များ၊ သမာရိုးကျ အရင်းအနှီးဈေးကွက်အား အမြင့်မားဆုံးသော ဒီဂျစ်တယ် အရင်းအနှီးဈေးကွက်သို့ မြှင့်တင်နိုင်ရေး၊ လုပ်ငန်းဆောင်ရွက်မှု နှင့် ကြီးကြပ်မှုဆိုင်ရာ စွမ်းရည်များ မြင့်မားစေရေး၊ ပေါ်ထွက်လာမည့် အဆင့်မြင့် ဉာဏ်ရည်တု (Artificial Intelligence-AI) နည်းပညာများကို လက်ခံကျင့်သုံးပြီး အရင်းအနှီးဈေးကွက်အား အရှိန်မြှင့်ဆောင်ရွက်ရန် ဖြစ်ပါသည်။

SETသည် စတင်တည်ထောင်ခဲ့သည့် ၁၉၇၅ခုနှစ် ကတည်းကပင် ထိုင်းနိုင်ငံ၏ ဘဏ္ဍာရေး အဆောက်အအုံတွင် အခြေခံ အုတ်မြစ် တစ်ခုအဖြစ် ပါဝင်နေသည်ဟု SET ၏ ဥက္ကဋ္ဌ Pakorn Peetathawatchai က အလေးပေး ပြောကြားခဲ့ပါသည်။ ယခုအခါတွင် အိပ်ချိန်းသည် နှစ် ၅၀ ပြည့်ရန် နီးကပ်လာပြီး အကျိုးသက်ဆိုင်သူအားလုံးကို ပံ့ပိုး ကူညီပေးနိုင်သည့် ပလပ်ဖောင်းတစ်ခု ဖြစ်လာနိုင်ရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။ "အနာဂတ်တိုင်းအရေး အလုပ်ဖြစ်အောင် ဆောင်ရွက်ပေး"ဟူသော ဆောင်ပုဒ်သည် ရင်းနှီးမြှုပ်နှံသူများအားလုံး၏ လိုအပ်ချက်များနှင့် ကိုက်ညီသော ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ ကိုဖန်တီးပေးရန်၊ စီးပွားရေးလုပ်ငန်းများအတွက် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်နှင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် ဟန်ချက်ညီစွာ ဆောင်ရွက်ခြင်းဖြင့် လူမှုအသိုက်အဝန်း ရေရှည်တည်တံ့မှုကို ဖန်တီးပေးနိုင်ရန် ရည်ရွယ်ပါသည်။

Pakorn က SET အတွက် အောက်ပါ မဟာဗျူဟာမြောက် ပန်းတိုင် (၅) ခုကို ဖွင့်ဟခဲ့ပါသည်-

၁။ SET အား ဒေသတွင်းအိပ်ချိန်းအဖြစ် အားကောင်းလာစေခြင်း - ဒေသတွင်းနှင့် နိုင်ငံတကာကုမ္ပဏီများအတွက် ဒေသတွင်း ရန်ပုံငွေရှာဖွေသည့် အချက်အချာနေရာ ဖြစ်လာစေရေး နှင့် ထိုင်းနိုင်ငံသူ နိုင်ငံသားများအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု ဗဟိုချက် ဖြစ်လာစေပြီး ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ရရှိစေခြင်း။

၂။ ရန်ပုံငွေရှာဖွေရေး အခွင့်အလမ်းများကို ချဲ့ထွင်ခြင်း - စာရင်းဝင်ထားခြင်း မရှိသော ကော်ပိုရေးရှင်းကြီးများ၊ အကြီးစား မိသားစုစီးပွားရေးလုပ်ငန်းများ၊ ထိုင်းနိုင်ငံတွင် လုပ်ကိုင်နေသော နိုင်ငံခြားကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်း နယ်ပယ်အသစ်များ၊ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများနှင့် တည်ထောင်စ ကုမ္ပဏီများ အစရှိသည့် အရွယ်စုံလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးခြင်း၊ SET နှင့် ၎င်း၏ မိတ်ဖက် အဖွဲ့အစည်းများ၏ ဆက်သွယ်ရေး လမ်းကြောင်းများမှတစ်ဆင့် အကျိုးသက်ဆိုင်သူ အားလုံး အတွက် ဈေးကွက်အတွင်း ဖြစ်ပေါ်နေမှုများကို ထုတ်ဖော်ပေးခြင်းကဲ့သို့သော အချက်အလက် ခွဲခြမ်းစိတ်ဖြာမှုများအတွက် အရည်အသွေးမြင့် အချက်အလက်များ စုစည်း ဖန်တီးနိုင်ရန် စာရင်းဝင်ကုမ္ပဏီများ၏ အချက်အလက် ပလပ်ဖောင်းများ (Data Platforms) ကို ဖော်ဆောင်ပေးခြင်း။

၃။ အရင်းအနှီးဈေးကွက်ကို ဒီဂျစ်တယ်ဖြင့် မောင်းနှင်ခြင်း - သမရိုးကျ အရင်းအနှီးဈေးကွက် မူဘောင်များ အားကောင်းနေစဉ်မှာပင် မျိုးဆက်သစ် ရင်းနှီးမြှုပ်နှံသူများ အတွက် အခြားရွေးချယ်စရာတစ်ခုအဖြစ် ဒစ်ဂျစ်တယ် အရင်းအနှီးဈေးကွက်ကို ဖော်ဆောင်ခြင်း။

စာမျက်နှာ ၉ သို့

၄။ လုပ်ငန်းလည်ပတ်မှု စွမ်းရည်နှင့် စည်းမျဉ်း ကြီးကြပ်မှု – ဈေးကွက်အတွင်းရောင်းဝယ်မှုနှင့် စာရင်းဝင် ကုမ္ပဏီများကို ကြီးကြပ်ကွပ်ကဲခြင်း ကဲ့သို့သော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ငွေချေးသက်သေခံလက်မှတ်များကို ခွဲခြားစိတ်ဖြာနိုင်ရန် အကူအညီပေးမည့်စနစ်၊ စာရင်းဝင်ကုမ္ပဏီများ၏ သတင်း အချက်အလက်များ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ဗဟုသုတများကို နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများသိရှိနိုင်ရန် ဘာသာပြန်ဆိုပေးခြင်းနှင့် ရင်းနှီးမြှုပ်နှံသူများ၏ စိတ်ကြိုက်ဝန်ဆောင်မှုများပေးခြင်း ကဲ့သို့သော လုပ်ငန်းဆောင်ရွက်မှုစနစ်များ ပိုမို ကောင်းမွန်စေရန် AI နည်းပညာအသုံးပြု၍ အဆင့်မြှင့်တင်ခြင်း။

၅။ ရေရှည်တည်တံ့သောခေါင်းဆောင်မှု – ရာသီဥတု ဆိုးရွားမှုများ၊ ဇီဝမျိုးကွဲများနှင့် လူ့အခွင့်အရေးတို့နှင့် ဆက်နွယ်သည့် ရေရှည်တည်တံ့မှုလမ်းကြောင်း နှင့် စည်းမျဉ်းဆိုင်ရာ စိန်ခေါ်မှုများအတွက် အကျိုးသက်ဆိုင်သူများကို ကြိုတင်ပြင်ဆင်ပေးခြင်း။

SET သည် လွန်ခဲ့သောဆယ်စုနှစ် ၅ စု အလွန် လုပ်ငန်းအရွယ်အစားအားလုံး အကျပ်အတည်းဖြစ်နေချိန်များတွင်ပင် ရန်ပုံငွေ ရှာဖွေရာ၌ လွယ်ကူချောမွေ့စေရေး ကူညီပေးခြင်းဖြင့် စီးပွားရေးကဏ္ဍနှင့် အရင်းအနှီးဈေးကွက်အတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ ယနေ့အချိန်တွင် SET ၌ စာရင်းဝင် ကုမ္ပဏီပေါင်း ၈၅၀ ကျော်နှင့် ဈေးကွက်အရင်းအနှီး စုစုပေါင်းတန်ဖိုး ဘတ် ၁၇.၄ ထရီလီယံ (အမေရိကန်ဒေါ်လာ ၄၇၉.၇၄ ဘီလီယံခန့်) ရှိနေပြီး ရင်းနှီးမြှုပ်နှံသူအရေအတွက်ဆက်လက်မြင့်တက်လျက်ရှိရာ လက်ရှိတွင် အရောင်းအဝယ်ပြုလုပ်နေသည့် စာရင်းဦးရေ ၅.၈ သန်း ရှိပါသည်။ SET သည် Depository Receipt (DR), Fractional Depository Receipts (DRx), Exchange Traded Fund (ETF), Derivative Warrants (DW) ကဲ့သို့သော ကမ်းလှမ်းမှုများကို အမျိုးအစားခွဲခြားပြီး အရင်းခံပိုင်ဆိုင်မှုများအဖြစ် နိုင်ငံခြား ငွေချေးသက်သေခံလက်မှတ်များ ပါဝင်လာစေရန် ဒစ်ဂျစ်တယ်ပိုင်ဆိုင်မှုရောင်းဝယ်ရေးပလပ်ဖောင်း ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အကောင်းဆုံး အလေ့အကျင့်များအဖြစ် သဘာဝပတ်ဝန်းကျင်၊ လူမှုရေး နှင့် စီမံအုပ်ချုပ်မှု(ESG)ဆိုင်ရာ လမ်းညွှန်ချက်များကို လက်ခံကျင့်သုံးခြင်းနှင့်ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ အသိပညာတတ်မြောက်မှုတိုးမြှင့်ခြင်းတို့အပါအဝင် ဈေးကွက်ချဲ့ထွင်မှုကိုပံ့ပိုးရန် ၎င်း၏အခြေခံအဆောက်အအုံကို အဆင့်မြှင့်တင်ခဲ့ပါသည်။ SET ၏ ရေရှည်တည်တံ့မှုရှိစေရေးအပေါ် ကတိကဝတ်ပြုမှုသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ တာဝန်များဖြင့် စီးပွားရေးတိုးတက်မှုအား ဟန်ချက်ညီစေသည့် SET ၏ ကြိုးပမ်းအားထုတ်မှုကို ရောင်ပြန်ဟပ်ကာ ထိုင်းကုမ္ပဏီများအား ကမ္ဘာ့ရေရှည်တည်တံ့မှုအရှိဆုံး ကုမ္ပဏီများစာရင်းတွင် ရပ်တည်စေနိုင်ခဲ့ပါသည်။

၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်အတွင်း ကျရောက်မည့် SET ၏ နှစ် ၅၀ ပြည့်အထိမ်းအမှတ် အဖြစ် Maruey Library တွင် ပြပွဲပြုလုပ်ခြင်း၊ “5 Decades of SET” စာအုပ်ထုတ်ဝေခြင်း နှင့် လမ်းကြောင်းမျိုးစုံမှတစ်ဆင့် ဆက်သွယ်မှုများအပါအဝင် အမျိုးမျိုးသောလှုပ်ရှားမှုများကို လက်ခံ ကျင်းပသွားမည် ဖြစ်ပါသည်။ SET သည် ပုဂ္ဂလိက ကဏ္ဍအား ရေရှည်တည်တံ့ခိုင်မြဲသော သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုကို ဆောင်ရွက်ရေး တွန်းအားပေးခြင်း၊ Crown Prince ဆေးရုံသို့ လူနာတင်ယာဉ်များလှူဒါန်းခြင်းဖြင့် နာတာရှည်ဝေဒနာရှင်ပြည်သူများအတွက် ကူညီထောက်ပံ့ပေးခြင်း၊ လူငယ်များအကြား ဘဏ္ဍာရေးဆိုင်ရာ အသိပညာတတ်မြောက်မှုကို မြှင့်တင်ပေးခြင်း၊ စားပွဲတင်တင်းနစ် ပြိုင်ပွဲကျင်းပ၍ ပြည်သူ့ကျန်းမာရေးကို မြှင့်တင်ပေးခြင်းနှင့် စီးပွားရေး ကဏ္ဍအတွင်း ကော်ပိုရိတ်စီမံအုပ်ချုပ်မှု (Corporate Governance-CG) မြှင့်တင်ပေးခြင်းတို့ဖြင့် ၎င်း၏ ESG ဆိုင်ရာ ကြိုးပမ်းမှုများကို အရှိန်မြှင့် ဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့အပြင် SET သည် စာရင်းဝင်ကုမ္ပဏီများအကြား ကော်ပိုရိတ် စီမံအုပ်ချုပ်မှုနှင့် ရေရှည်တည်တံ့မှုဆိုင်ရာ အလေ့အကျင့်များကို မြှင့်တင်နိုင်ရန် ယခုနှစ် ESG သုတေသနပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ပြီး ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဆိုင်ရာ ဥပဒေစာအုပ်ထုတ်ဝေသွားရန်လည်း စီစဉ်ထားရှိပါသည်။

မူဝါဒရေးရာအဖွဲ့

ကိုးကား – https://www.aseanexchanges.org/content/set-to-mark-50th-year-anniversary-embracing-future-opportunities-for-all/

# ၂၀၂၃ ခုနှစ်တွင် ဖိလစ်ပိုင်စတော့ရှယ်ယာဈေးကွက်၌ စာရင်းဖွင့်လှစ်မှုအရေအတွက် ၁.၉ မီလီယံ အထိ ရောက်ရှိလာ

ဖိလစ်ပိုင် စတော့အိတ်ချိန်း (PSE) ၏ စတော့ဈေးကွက် ရင်းနှီးမြှုပ်နှံမှု နှစ်ပတ်လည်အစီရင်ခံစာ၌ ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းတွင်စုစုပေါင်းစတော့အရောင်းအဝယ်စာရင်းဖွင့်လှစ်မှုအရေအတွက် ၁,၉၀၆,၀၁၉ အထိရှိကြောင်း ဖော်ပြခဲ့ပြီး အဆိုပါ အရေအတွက်သည် ၂၀၂၂ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည့်စာရင်း ၁,၇၁၂,၇၃၄ မှ ၁၁.၃ ရာခိုင်နှုန်း (သို့မဟုတ်) စာရင်း ၁၉၃,၂၈၅ တိုးလာခဲ့ခြင်းဖြစ်သည်။

ထိုသို့ ဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံမှု တိုးတက်လာရခြင်း၏ အဓိက အကြောင်းအရင်းမှာ GStocksPH ပလက်ဖောင်းမှ တစ်ဆင့် စာရင်းအသစ်များ ဖွင့်လှစ်ခြင်းကြောင့်ဖြစ်ပြီး စုစုပေါင်း စတော့အရောင်းအဝယ်စာရင်း၏ ၈၀.၀ ရာခိုင်နှုန်းသည် အွန်လိုင်းဖြင့်ဖွင့်လှစ်ခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းအထိ အွန်လိုင်းဖြင့် စာရင်းဖွင့်လှစ်မှု ၁,၅၂၅,၇၆၈ ရှိပြီး ၂၁.၂ ရာခိုင်နှုန်း သို့မဟုတ် စာရင်း ၂၆၆,၈၆၁ တိုးလာခဲ့ပါသည်။

ဈေးကွက်တွင် လက်လီရင်းနှီးမြှုပ်နှံသူများ တိုးပွားလာစေရန် e-wallet အသုံးပြုသူများအား စတော့ဈေးကွက်၌ တိုက်ရိုက် ရင်းနှီးမြှုပ်နှံခွင့် ပေးလိုက်ခြင်းဖြစ်ကြောင်း PSE ၏ ဥက္ကဋ္ဌ နှင့် CEO ဖြစ်သူ Ramon S. Monzon က ပြောကြားခဲ့ပါသည်။

ပြည်ပတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် ဖိလစ်ပိုင် နိုင်ငံသားများနှင့် ၎င်းတို့၏ မိသားစုဝင်များအား ငွေရေးကြေးရေး တတ်ကျွမ်းနားလည်မှု၊ စတော့ရင်းနှီးမြှုပ်နှံမှုများနှင့် စပ်လျဉ်း၍ သင်ကြားပို့ချခြင်းအစီစဉ်အား ရွှေ့ပြောင်း အလုပ်သမားများဌာန နှင့် မိတ်ဖက် လုပ်ဆောင်ခဲ့ခြင်းသည် PSE ၏ ဒုတိယမြောက် ခြေလှမ်းဖြစ်ပြီး စတော့ဈေးကွက်၌ လက်လီ ရင်းနှီးမြှုပ်နှံသူ အရေအတွက် တိုးလာနိုင်ခြေရှိသည့် ဤအစီအစဉ်အား အပြည့်အဝ အကောင်အထည်ဖော်ပြီး ဖြစ်ပါကြောင်း Mr.Monzon က ထပ်လောင်းပြောကြားထားသည်။

သို့သော် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး အက်ဥပဒေ သို့မဟုတ် ပြည်သူ့အက်ဥပဒေအမှတ်၊ ၉၁၆၀ နှင့်အညီ အရောင်းအဝယ် ပြုလုပ်သူများသည် အသုံးမပြုတော့သည့် စာရင်းများကို ပိတ်သိမ်းခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံသူ အမျိုးအစား ခွဲခြားမှုအရ စုစုပေါင်း ဖွင့်လှစ်ထားသော စာရင်းများ၏ ၉၈.၅ ရာခိုင်နှုန်းသည် လက်လီရင်းနှီးမြှုပ်နှံသူများဖြစ်ပြီး ကျန်ရှိသော ၁.၅ ရာခိုင်နှုန်းသည် အဖွဲ့အစည်းရင်းနှီးမြှုပ်နှံသူများ ဖြစ်ကြသည်။ အလားတူ ဖွင့်လှစ်ထားသော စာရင်းများစုစုပေါင်း ၏ ၉၈.၅ ရာခိုင်နှုန်းသည် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများဖြစ်ကြပြီး ကျန်ရှိသော ၁.၅ ရာခိုင်နှုန်းသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများဖြစ်ကြသည်။ အွန်လိုင်းမှရင်းနှီးမြှုပ်နှံသူများအနက် ၉၉.၉ ရာခိုင်နှုန်းသည် လက်လီ ရင်းနှီးမြှုပ်နှံသူများဖြစ်ကြသည်။ အွန်လိုင်း စာရင်းစုစုပေါင်း၏ ၉၈.၈ ရာခိုင်နှုန်းသည် ပြည်တွင်း ရင်းနှီးမြှုပ်နှံသူများ ဖြစ်ကြပြီး ၁.၂ ရာခိုင်နှုန်းသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများဖြစ်ကြောင်း ဖော်ပြထားသည်။

အွန်လိုင်းရောင်းဝယ်မှု တစ်ခုလျှင် ပျမ်းမျှတန်ဖိုးသည် ၂၀၂၂ ခုနှစ်တွင် ဖိလစ်ပိုင် ပီဆို ၄၆,၂၃၆.၄၀ မှ ၄၇၀၅၀.၄၈ သို့ ၁.၈ ရာခိုင်နှုန်း တိုးလာခဲ့ပါသည်။ ၂၀၂၃ ခုနှစ်တွင် စုစုပေါင်း ဈေးကွက် ရောင်းဝယ် လွှဲပြောင်းမှုများ၏ ပျမ်းမျှတန်ဖိုးသည် ဖိလစ်ပိုင် ပီဆို ၇၇,၉၂၆.၄၁ မှ ၈၅,၃၈၅.၅၄ သို့ ရောက်ရှိခဲ့ပြီး ၉.၆ ရာခိုင်နှုန်း တိုးလာကြောင်းသိရှိရပါသည်။

မူဝါဒရေးရာအဖွဲ့

ကိုးကား

https://www.pse.com.ph/2023-stock-market-accounts-stood-at-1-9m/